ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက် (၁၀/၂၀၂၂)
၁၃၈၄ ခု၊ နတ်တော်လပြည့်နေ့
၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်

# အကြမ်းဖက်စစ်ကောင်စီ၏ သယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်ရွက်နေသည့် ပြည်သူလူထုသဘောဆန္ဒမပါသော ကိစ္စရပ်များသည် တရားမဝင်ကြောင်း ကြေညာချက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သည် ကြားကာလဒေသန္တရ အုပ်ချုပ်ရေးအနေဖြင့် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များဖြစ်သော သစ်တောနှင့် အခြားသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲ၍ ဒဏ်ကြေး/အခွန်များဖြင့် စည်းကြပ်ကာ သယံဇာတများကို စဉ်ဆက်မပြတ် ထာဝစဉ်ရေရှည်တည်တံ့စေရန် ပြည်သူလူထု၏ အကူအညီဖြင့် စီမံဆောင်ရွက်လျက်ရှိပါသည်။

၂။ အကြမ်းဖက်စစ်ကောင်စီအနေဖြင့် ကလေးသူငယ်နှင့် အမျိုးသမီးများအပါအဝင် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို နေ့စဉ်ခြိမ်းခြောက်လျက်ရှိပြီး ပြည်သူများ၏ နေအိမ်များ၊ ပိုင်ဆိုင်မှု များကို မီးရှို့ဖျက်ဆီးလျက်ရှိပါသည်။

၃။ ထို့ပြင် အကြမ်းဖက် စစ်ကောင်စီလက်အောက်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှလည်း ပြည်သူတို့ ဒုက္ခအတိရောက်နေချိန် အခွင့်ကောင်းယူကာ နည်းလမ်း ပေါင်းစုံအသုံးပြု၍ သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေ များဖွဲ့စည်းခြင်း၊ သစ်ထုတ်လုပ်ခြင်း လုပ်ငန်းများအပါအဝင် အခြားသယံဇာတ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းများကိုလည်း ပြည်သူတို့၏ သဘောဆန္ဒမပါဘဲ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူ့အစိုးရလက်ထက်တွင် ခွင့်ပြုခြင်းမရှိဘဲရပ်ဆိုင်းထားခဲ့သည့် ပတ်ဝန်းကျင်ကို တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆိုးကျိုးသက်ရောက်စေနိုင်သော ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများ၊ စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ ဓာတ်သတ္တု ရှာဖွေစမ်းသပ် တိုင်းတာခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများစသည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းလုပ်ငန်းများကို ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ အခါအားလျော်စွာ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့် လျော်ညီမှုမရှိဘဲ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ လိုက်နာဆောင်ရွက်ရမည့် အချက်များကို စိစစ်ခြင်းမပြုဘဲ အကြမ်းဖက်

စစ်ကောင်စီလက်အောက်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ လုပ်ကိုင်ဆောင်ရွက်စေရန် ခွင့်ပြုပေးလျက်ရှိသည်။

၅။ ပြည်သူ့အစိုးရထံမှ မတရားသဖြင့် အာဏာသိမ်းပြီးနောက် အကြမ်းဖက်စစ်ကောင်စီသည် သက်တမ်းတိုးပေးခြင်းနှင့် အသစ်ခွင့်ပြုလျက်ရှိသော လိုင်စင်များနှင့် လုပ်ငန်းများဖြစ်သည့် အိမ်တွင်းစက်မှုလုပ်ငန်းများ၊ ပရိဘောဂလုပ်ငန်းများ၊ သစ်စက်များ၊ သစ်နှင့်ပတ်သက်သည့် လုပ်ငန်းများ၊ သစ်တောနယ်မြေနှင့် သစ်တောနယ်မြေပြင်ပတွင် ပုဂ္ဂလိကပိုင်သစ်တောစိုက်ခင်းများ၊ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ၊ သတ္တုရှာဖွေစမ်းသပ်တိုင်းတာခြင်း၊ တူးဖော်သန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်းများကျောက်မျက်၊ ကျောက်စိမ်း၊ ပယင်းစသည့် ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း၊ အချောထည်ပြုလုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများ၊ ပုလဲမွေးမြူထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများကိုခွင့်ပြုလုပ်ကိုင်စေခြင်း၊ ၎င်းတို့နှင့် ပတ်သက်ဆက်စပ်ရာ အဖွဲ့အစည်းများသို့ လွှဲပြောင်းလုပ်ကိုင်ဆောင်ရွက်စေခြင်းတို့အား ခွင့်ပြုပေးလျက်ရှိပါသည်။

၆။ သို့ဖြစ်ပါ၍ အကြမ်းဖက်စစ်ကောင်စီလက်အောက်ခံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြည်သူ့သဘောဆန္ဒမပါရှိဘဲ သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဖွဲ့စည်းခြင်း၊ သစ်ထုတ်လုပ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအတိုင်း သေချာစွာ စိစစ်ခြင်းမရှိဘဲ လုပ်ငန်းလိုင်စင်များ ချပေးခြင်း၊ သက်တမ်းတိုးပေးခြင်း၊ မြေအသုံးပြုခြင်းဆိုင်ရာ ခွင့်ပြုခြင်းအစရှိသည့် လုပ်ငန်းများအား တရားမဝင်ကြောင်း သတ်မှတ်သည်။ အဆိုပါ လုပ်ငန်းများကို ခွင့်ပြုခဲ့သည့် တာဝန်ရှိသူဝန်ထမ်းများအား အကြမ်းဖက်စစ်ကောင်စီနှင့် အလိုတူအလိုပါ ဆောင်ရွက်မှုအတွက် အကြမ်းဖက်ဥပဒေအရလည်းကောင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရလည်းကောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအရလည်းကောင်း၊ ကြားကာလဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များမှ ထုတ်ပြန်ထားသည့် ထုတ်ပြန်ကြေညာချက်များအရလည်းကောင်း ထိုက်တန်သည့်ပြစ်ဒဏ်များအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့်လည်း အကြမ်းဖက်စစ်ကောင်စီမှ ပေးအပ်သည့် လုပ်ငန်းလိုင်စင်၊ ခွင့်ပြုမိန့်စသည်တို့သည် တရားမဝင်သည့်အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအတိုင်း စိစစ်အရေးယူခြင်းကိုခံရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ